KANSAS CITY KANSAS PUBLIC SCHOOLS

# ခေါင်းစဉ် IX နစ်နာမှုများအတွက်လုပ်ငန်းစဉ်များ

ကန်းဆပ်မြို့နယ် ပြည်သူ့ကျောင်း (KCKPS) ပညာရေးအဖွဲ့၏မူဝါဒများ AH and KN နှင့်အညီ၊ ခေါင်းစဉ် IX ၏တရားဝင်လုပ်ဆောင်မှုများအား အောက်ပါအတိုင်းဆောင်ရွက်သွားကြပါမည်။

- တရားဝင်တိုင်ကြားချက်များ၏ပြေစာအရ၊ ခေါင်းစဉ် IX ၏တာဝန်ရှိသူမှတိုင်ကြားသူအား ဆက်သွယ်ကာ ရရှိနိုင်သောအထောက်အပံ့များနှင့် ခေါင်းစဉ် IX ၏နစ်နာမှုများအတွက်လုပ်ငန်းစဉ်များအား ရှင်းပြသွားပါမည်။
- တာဝန်ရှိသူသည် ထွက်ဆိုရောက်ထားသူများ၏အဖွဲ့များအား ရေးသားဖော်ပြထားသောကြေငြာစာများပေးပို့အသိပေးသွားပါမည်။ထိုကြေငြာချက်များတွင် အဖွဲ့များ၏ထင်ရှားသောမှတ်ပုံတင်များ၊ ကာမဂုဏ်နှောင့်ယှက်ခြင်းဆိုင်ရာအပြုအမူအားအခြေခံဥပဒေအရ အဆိုတင်ခြင်းများနှင့် လက်မခံနိုင်သောပြုမူခြင်း၏ နေ့စွဲနှင့်နေရာ (သိရှိပါက)ပါဝင်ပါမည်။ အကယ်၍အဖွဲ့ဝင်များထဲတွင် ကျောင်းသားတစ်စုံတစ်ယောက်ဖြစ်ပါက၊ အသိပေးစာအားမိဘ/အုပ်ထိမ်းသူအားပေးပို့သွားပါမည်။
- တိုင်တန်းခံရသူအား အသိပေးခြင်းများနှင့် စုံစမ်းစစ်ဆေး ဆောင်ရွက်နေချိန်များနှင့်တပြိုင်နက်၊ ခေါင်းစဉ် IX ၏တာဝန်ရှိသူသည် အတိုင်ခံရသူကိုလည်း ရရှိနိုင်သောအထောက်အပံ့များနှင့် ခေါင်းစဉ် IX ၏နစ်နာမှုများအတွက်လုပ်ငန်းစဉ်များအား ပြန်လည်သုံးသပ်သွားပါမည်။
- ခေါင်းစဉ် IX စုံစမ်းသူသည်တရားဝင်တိုင်ကြားချက်၏ပြေစာအတိုင်း စုံစမ်းခြင်းများအားပြုလုပ်ရန်တာဝန်ယူဆောင်ရွက်သွားရပါမည်။
- တိုင်တန်းခံရသူသည် အဆိုပါစွပ်စွဲခြင်းများအတွက် တာဝန်ယူရမည်ဟုယူဆရမည်မဟုတ်ပါ။ တာဝန်ယူခြင်းနှင့်ပတ်သက်ပြီးစီစစ်သတ်မှတ်ခြင်းအား နစ်နာမှုများအတွက်လုပ်ငန်းစဉ်များ အဆုံးသပ်ဆောင်ရွက်ပြီးမှ ဆုံးဖြတ်သွားပါမည်။
- အဖွဲ့ဝင်များသည် နစ်နာမှုများအတွက်လုပ်ငန်းစဉ်များဆောင်ရွက်နေချိန်တွင် သူတို့ကိုယ်တိုင်ရွေးခြယ်ကြသောအကြံပေးသူများရရှိနိုင်ကြပါသည်။ ထိုသူများသည်ရှေ့နေများလည်းဖြစ်နိုင်ပါသည်။ သို့သော်ရှေ့နေဖြစ်စရာလည်းမလိုအပ်ပါ။ အကယ်၍အဖွဲ့ဝင်များ၏အကြံပေးသူသည်ရှေ့နေဖြစ်ပါက ကျောင်းခရိုင်၏ရှေ့နေလည်းရှိနေနိုင်ပါမည်။ အကြံပေးသူများသည်တိုင်တန်းသူသို့မဟုတ်အတိုင်ခံရသူများနှင့်အပြန်အလှန်ပြောဆိုအကြံပေးနိုင်ကြပါသည်။ သို့သော်ထိုသူများသည်နစ်နာမှုများအတွက်လုပ်ငန်းစဉ်များတွင် ပါဝင်သူများမဟုတ်ကြပါ။ အကြံပေးသူများသည် ခေါင်းစဉ် IX စုံစမ်းသူ၊ ခေါင်းစဉ် IX ၏တာဝန်ရှိသူ သို့မဟုတ် ခေါင်းစဉ် IX ၏အဆုံးအဖြတ်ပေးနိုင်သူများထံမှဖော်ပြသော ကြီးကြပ်ရေးအဖွဲ့၏မူဝါဒများနှင့်ရေးသားထားသည့်မေးခွန်းများ/ပြောဆိုချက်အထောက်အထားများအပေါ် စူးစမ်းလေ့လာနိုင်ပါသည်။
- တာဝန်ရှိသောစုံစမ်းသူသည် သက်ဆိုင်သောအထောက်အထားများအားလုံးကို တာဝန်ယူဆောင်ရွက်သွားပါမည်။ ထိုထဲမှအောက်ပါကြောင်းအရာများပါဝင်နိုင်ပါသည်–အခြေအနေအရပတ်လည်ဝိုင်းရံခံရခြင်း၊ ကိုယ်ကျင့်တရားနှင့်အညီဆောင်ရွက်ခြင်း၊ အဖွဲ့ဝင်များအကြား ဆက်နွယ်မှုများရှိခြင်း၊ ယခင်ကထိခိုက်မှုများရှိခဲ့ခြင်း၊ ယခင်ကထိခိုက်မှုများနှင့်ဆက်စပ်ပြီး စွပ်စွဲခံရခြင်းများရှိခဲ့ခြင်း။
- ပညာရေးအဖွဲ့အစည်း၏မူဝါဒ ချိုးဖောက်ခြင်းမှုများရှိမရှိ စီစစ်သတ်မှတ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများ၏အဆုံးတိုင်ရလဒ်များပေါ်တွင်အခြေခံကာ ခိုင်မာသောစီစစ်သတ်မှတ်ခြင်းများကို ဆောင်ရွက်သွားပါမည်။
- စုံစမ်းစစ်ဆေးခြင်း၏နောက်ဆုံးတင်ပြချက်များမတိုင်မီတွင်၊ အဖွဲ့ဝင်များသည် ဆွဲချက်များနှင့်သက်ဆိုင်သော သက်သေအထောက်အထားများအား ပြန်လည်ကြည့်ရှုလေ့လာခွင့်နှင့် စာဖြင့်ရေးသားခြေပနိုင်ရန် အလုပ်ဆင်းရက် ၁၀ရက်အထိ အချိန်ပေးထားပါမည်။ အဖွဲ့ဝင်များမှ ရေးသားခြေပထားသောစာများသည် စုံစမ်းစစ်ဆေးခြင်း၏နောက်ဆုံးတင်ပြချက်များမတိုင်မီ ထည့်သွင်းစဉ်းစားသွားပါမည်။

- စုံစမ်းစစ်ဆေးခြင်းတင်ပြချက်များတွင်– စုံစမ်းသူသည်မူဝါဒချိုးဖောက်ခြင်းဖြစ်နိုင်သည် ဟုယုံကြည်မှုများအပေါ် စီစစ်သတ်မှတ်ခြင်းများ၊ စံနှုန်းပြည့်သောအထောက်အထားနှင့်သက်ဆိုင်သောအကြောင်းအရာ များအသုံးပြုခြင်း၊ အထောက်အထားများအား လွှန်ကဲစွာတင်ပြခြင်းများအား စီစစ်ခြင်းများပါဝင်ပါမည်။
- စုံစမ်းစစ်ဆေးခြင်းပြီးဆုံးချိန်ရောက်ခါနီးတင်ပြချက်များအား အဆုံးအဖြတ်ပေးမည့်သူထံသို့ပေးပို့သွားပါမည်။ အဖွဲ့ဝင်များသည် သက်သေအထောက်အထားများအား ပြန်လည်ကြည့်ရှုလေ့လာခွင့်နှင့် နောက်ဆုံးတင်ပြချက်များအပေါ် အဆုံးအဖြတ်ပေးမည့်သူထံ စာဖြင့်ရေးသားခြေပနိုင်ရန်အလုပ်ဆင်းရက် ၁၀ရက်အထိထပ်တိုး အချိန်ပေးထားပါမည်။
- အဆုံးအဖြတ်ပေးမည့်သူသည် စစ်ဆေးတင်ပြချက်များနှင့် အဖွဲ့ဝင်များ၏စာဖြင့်ရေးသားခြေပထားသောတုန့်ပြန်ချက်များ အားပြန်လည်ကြည့်ရှုလေ့လာသွားပါမည်။ ထို့နောက် အဆုံးအဖြတ်ပေးမည့်သူသည် ကြီးကြပ်ရေးအဖွဲ့မူဝါဒအား အထောက်အထားများနှင့်လွှန်ကဲစွာ ချိုးဖောက်ခြင်းရှိမရှိ သတ်မှတ်ချက်အားစာဖြင့်ရေးသားထုတ်ဖော်သွားပါမည်။
- အချိန်မှီအယူခံဝင်ခြင်းမရှိပါက၊ အဆုံးအဖြတ်ပေးမည့်သူ၏ စီစစ်သတ်မှတ်ခြင်းသည်အတည်ပြုမည်ဖြစ်ပါသည်။ အဖွဲ့ဝင်နှစ်ဖက်စလုံးသည် တာဝန်ယူခြင်းသို့မဟုတ်နည်းလမ်းတကျတိုင်တန်းချက်များမှ စီစစ်သတ်မှတ်ချက်များအပေါ် အယူခံဝင်နိုင်ပါသည်။ အယူခံဝင်ခြင်းအား အောက်ပါအကြောင်းပြချက်များနှင့်သာဖြစ်ရပါမည်။ ပုံမှန်မဟုတ်သော လုပ်ထုံးလုပ်နည်းကြောင့် စီစစ်သတ်မှတ်ခြင်းအားထိခိုက်ခြင်း၊ စီစစ်သတ်မှတ်ချိန်တွင် ခိုင်လုံသောကြောင်းပြချက်နှင့် မရရှိနိုင်ခဲ့သော သက်သေအထောက်အထားအသစ်အားတွေ့ရှိခြင်း၊ သို့မဟုတ် ကွဲလွဲသောအကျိုးသက်ရောက်မှုရှိခြင်း သို့မဟုတ် တာဝန်ရှိသူတစ်ဦးတစ်ယောက်အပေါ် ဘက်လိုက်ခြင်းရှိကြောင်း ထွက်ဆိုခြင်းများဖြစ်ပါသည်။